# ဆာ ဟာ ရ မှာ ရွာ တဲ့ မိုး

၊ နှလုံးသား ထုတ်ကုန်များ ၊



ဟိန်းဇောဇ

ကျေးဇူးတင်စကား

မင်္ဂလာပါ။

ပထမဆုံးအနေနဲ့ ကျွန်တော်ဟာ ကဗျာဆရာတစ်ယောက် မဟုတ်ဘဲ ကဗျာကို ချစ်မြတ်နိုးတဲ့ ဝါသနာရှင် တစ်ယောက်သာ ဖြစ်တယ်ဆိုတာ ဝန်ခံပါရစေ။ ကဗျာတွေကို အမြဲမပြတ် ဖတ်ရှုလေ့ လာပြီး ဝါသနာအလျောက် ဖေ့စ်ဘုတ်ပေါ်မှာ ကိုယ်တိုင် ကဗျာလေးတွေ ရေးဖြစ်ခဲ့ပါတယ်။ အဲဒီလို ကဗျာတွေ ရေးတဲ့ အခါ အပေါင်းအသင်း၊ သူငယ်ချင်း၊ မိတ်ဆွေများက အားပေး ဖတ်ရှုကြပါတယ်။ ကဗျာလေးတွေ တော်တော်များများ ရေးဖြစ်လာတဲ့ အခါ တချို့ကလည်း "ငါ့များ စောင်းရေးနေသလား အောက်မေ့ရတယ်၊ စာအုပ်လေးနဲ့ ဖတ်ရရင် ကောင်းမယ်" တချို့ကလည်း "တိုက်ဆိုင်တာလေးတွေများ လို့ စာအုပ်လေးအဖြစ် ဖတ်ချင်တယ်" တချို့ကတော့ "ကဗျာလေးတွေ ကောင်းတယ်။ ကဗျာဆိုတာ စာရွက်နဲ့ လေးနဲ့ ဖတ်မှ အရသာရှိတာ" စသဖြင့် အရှုးဘုံမြှောက်သလို ကဗျာရှူးကို ကဗျာ စာအုပ်ထုတ်ဖို့ တိုက်တွန်းလာကြတဲ့ အခါ ကျွန်တော်လည်း ကိုယ်ရေးထားတဲ့ ကဗျာလေးတွေကို စာအုပ်လေးအဖြစ်နဲ့ စုစည်းထားရရင် ကောင်းမယ်ဆိုတဲ့ ဆန္ဒ ပေါ်ပေါက်လာပါတယ်။ တစ်ဖက်မှာ လည်း စိုးရိမ်သောက တစ်ခု ဝင်လာပါတယ်။ စာအုပ်အဖြစ် ထုတ်ဝေလိုက်ရင် ကိုယ့်ကဗျာတွေဟာ ကိုယ့်ချစ်ရတဲ့ စာပေလောက၊ ကိုယ်မြတ်နိုးရတဲ့ ကဗျာ လောကမှာ အမှိုက်တစ်စ အဖြစ်နဲ့ ကဲ့ရဲ့ အပြ

စ်တင်စရာများ ဖြစ်သွားမလားဆိုပြီး စိုးရိမ်မိပြန်တယ်။

ခေတ်အခြေအနေကို သုံးသပ်ကြည့်ရင် စာပေ ချစ်မြတ်နိုးကြတဲ့ ပုဂ္ဂိုလ်တွေက လူငယ်တွေ စာဖတ် အားနည်းလာတဲ့ အပေါ်မှာ အလိုမကျစိတ်ပူပန် နေကြရတဲ့ အချိန် ဖြစ်ပါတယ်။ ဒီလို အချိန်မျိုးမှာ ကျွန်တော်တို့ တွေက စာပေကို ချစ်ပြီး ကဗျာတွေနဲ့ ဖက်လဲတကင်း နေကြတာကို မြင်ရင် ပြုံးပြင်တာ ခံရဖို့ ထက် မေတ္တာကိုသာ ရနိုင်တယ်လို့ ယူဆမိသည် က တစ်ကြောင်း၊ ကိုယ့်ကဗျာတွေကို မေတ္တာဖြင့် ဖတ်ရှုအားပေးခဲ့ကြတဲ့ မိတ်ဆွေ၊ သူငယ်ချင်းများ ရဲ့ ဆန္ဒကို အလေးအနက်ထားပြီး မေတ္တာ တုံ့ပြန်လိုသည် က တစ်ကြောင်း၊ စတဲ့ အကြောင်းများကြောင့် ဝါသနာအလျောက် ဖေ့စ်ဘုတ်ပေါ်မှာ ရေးဖြစ်ခဲ့တဲ့ ကဗျာလေးတွေကို တစ်စုတစ်စည်းတည်း စာအုပ်လေး တစ်အုပ်အဖြစ် ထုတ်ဝေလိုက်ရပါတယ်။

ကျွန်တော်ဟာ ကဗျာတွေကို အစဉ်တစိုက် လေ့လာခဲ့ ဖတ်ရှုခဲ့ရတော့ ကျွန်တော် ဖတ်ဖူးသမျှ ကဗျာတွေရဲ့ ကဗျာဆရာ/ဆရာမများ အားလုံးဟာ ကျွန်တော့်ရဲ့ ဆရာတွေ ဖြစ်ပါတယ်။ ကဗျာဆရာ၊ ကဗျာဆရာမများ ရဲ့ ပညာဂုဏ်ကို ဦးထိပ်ပန်ဆင်ပါတယ်။

ကဗျာစာအုပ်ကလေး ဖြစ်ဖို့ တိုက်တွန်းခဲ့ကြတဲ့ မိတ်ဆွေ၊ အပေါင်းအသင်း သူငယ်ချင်းများ ကိုရော၊ ကျွန်တော့် ကဗျာစာအုပ်လေးကို ဖတ်ရှုအားပေးကြတဲ့ အပေါင်းအသင်း သူငယ်ချင်း၊ မိတ်ဆွေများ အားလုံးကိုပါ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောပါရစေ။

ဟိန်းတေဇ

* * *